## အိမ်ခြံမြေ ဝယ်ယူ/ရယူ/လွှဲပြောင်းပြီး အမည်ပေါက်ပိုင်ဆိုင်နိုင်ရန် ဆောင်ရွက်ရမည့်အချက်များ

ပြည်တွင်းအခွန်များဦးစီးဌာနတွင်-

- ❖ အိမ်ခြံမြေ ကာလ တန်ဖိုးသတ်မှတ်ခြင်း၊
- ❖ ဝယ်ယူခြင်းအတွက် စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ ရှိ/မရှိစစ်ဆေးမှုခံယူ၍ ဝင်ငွေခွန်ကျသင့်ပါက ဝင်ငွေခွန် ပေးဆောင်ခြင်း၊
- ❖ သတ်မှတ်တန်ဖိုးအပေါ်တွင် ကျသင့်တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

### တင်ပြရန်လိုအပ်သည့် စာရွက်စာတမ်းများ

(၁) ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော် စည်ပင်သာယာနယ်နိမိတ်အတွင်း တည်ရှိသော အိမ်ခြံမြေ ဖြစ်ပါက အဆိုပါ စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနခွဲမှ တစ်နှစ် အတွင်း ထုတ်ယူထားသော မြေပုံ၊မြေရာဇဝင်ပုံစံ-၁၀၅၊ပုံစံ-၁၀၆မူရင်း/မိတ္တူ၊ရန်ကုန်တိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်ပြင်ပနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ မြို့နယ်များဖြစ်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနမှ တစ်နှစ်အတွင်း ထုတ်ယူထားသော မြေပုံ၊မြေရာဇဝင် ပုံစံ-၁၀၅၊ ပုံစံ-၁၀၆ မူရင်း/မိတ္တူ၊

- ➢ **ဂရန်မရရှိသေးသော ခွင့်ပြုချထားမြေ ဖြစ်ပါက -**
  - ▪ မြေကွက်ချထားပေးသည့်အမိန့် မူရင်း/မိတ္တူ၊
  - ▪ သက်ဆိုင်ရာမြေယာကော်မတီသို့ ပေးသွင်းသည့်မြေယာဖော်ထုတ်စရိတ်နှင့် မြေယာစီမံခန့်ခွဲမှုစရိတ်ပေးသွင်းသည့်ငွေသွင်းချလန် မူရင်းနှင့်မိတ္တူ၊

(၂) မေတ္တာဖြင့်ပေးကမ်းခြင်းဖြစ်ပါက ပေးကမ်းသူနှင့်လက်ခံသူ/လဲလှယ်ခြင်းဖြစ်ပါက လဲလှယ်သူနှစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူနှင့်အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ မူရင်း/ မိတ္တူ၊

(၃) မြေကွက် (သို့မဟုတ်) မြေနှင့်အဆောက်အအုံ ဓာတ်ပုံ (ရှေ့၊နောက်၊ဘေး ၂ ဖက်)၊

(၄) မြေငှားစာချုပ်( ဂရန် ) မူရင်း/ မိတ္တူ၊

(၅) အရောင်းအဝယ်စာချုပ် သို့မဟုတ် မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ် သို့မဟုတ် လဲလှယ်သည့်စာချုပ် မူရင်း/မိတ္တူ၊

(၆) မေတ္တာဖြင့်ပေးကမ်းခြင်းဖြစ်လျှင် ပေးကမ်းသူ၏ အမွေဆက်ခံသူများရှိပါက ပေးကမ်းမှုကို သိရှိပါကြောင်းနှင့် ၎င်းတို့ ပိုင်ဆိုင်မှုများကို စွန့်လွှတ်ကြောင်း ကျမ်းကျိန်လွှာနှင့် ပေးကမ်းခြင်းမပြောက်သည့်အကြောင်း ပေါ်ပေါက်ပါက နိုင်ငံတော်၏ အခွန်ငွေများ နစ်နာဆုံးရှုံးမှုမရှိစေရန် ခံဝန်တင်သွင်းသည့်စာချုပ်၊






### တန်ဖိုးကိုစိစစ်သတ်မှတ်ခြင်း

- ❖ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀-၄-၂၀၁၇ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် ၄၀/၂၀၁၇ ဖြင့် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကို ဖွဲ့စည်းထားသည်။

- ❖ **ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ**
  လယ်ယာမြေမှအပ ကျန်မြေနှင့်အဆောက်အအုံများဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်ခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ မြေနှင့်အဆောက်အအုံကို **ကာလတန်ဖိုးကို စိစစ်သတ်မှတ်** ပေးမည်ဖြစ်ပါသည်။
- ❖ ကာလတန်ဖိုး စိစစ်သတ်မှတ်မှုခံယူပြီး တစ်နှစ်အတွင်း အခွန်စည်းကြပ်မှုခံယူရန်ပျက်ကွက်ပါက ကာလတန်ဖိုးစိစစ်သတ်မှတ်ချက်ကို ပယ်ဖျက်သွားမည်ဖြစ်ပါသည်။ တစ်နှစ်ကျော်မှ အခွန်စည်းကြပ်မှုခံယူမည်ဆိုပါက လက်ရှိကာလတန်ဖိုး ပေါက်ဈေးဖြင့် အစားထိုးပြန်လည် တန်ဖိုးသတ်မှတ်သွားမည် ဖြစ်ပါသည်။
- ❖ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များအနေဖြင့် တိုင်းဒေသကြီးကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိမြို့နယ်များနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်ပါက မြို့နယ်ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့များကလည်းကောင်း ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးပါသည်။





### ပေးဆောင်ရမည့်အခွန်တွက်ချက်ခြင်း

**အိမ်ခြံမြေဝယ်ယူသူ** အနေဖြင့် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကသတ်မှတ်သည့် ဝယ်ယူတန်ဖိုးအပေါ် မိမိအနေဖြင့်

တင်ပြနိုင်သည့် ဝင်ငွေရလမ်း အထောက်အထားများ တင်ပြပြီး ဝင်ငွေခွန် ရှင်းလင်းပေးဆောင်ရန် လိုအပ်ပါသည်။ (နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ နှုန်းထားများအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။)

- ❖ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မည်သည့် မြို့နယ်တွင်တည်ရှိသည့် အိမ်၊ မြေ၊ အဆောက်အအုံ ကိုဝယ်ယူ သည်ဖြစ်စေ၊ လဲလှယ်သည်ဖြစ်စေ သတ်မှတ်သည့် ကာလတန်ဖိုးအပေါ်တွင် တံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်းအပြင် အပိုတံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်း၊ စုစုပေါင်း ၄ ရာခိုင်နှုန်းကို ပေးဆောင်ရပါမည်။
- ❖ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက တွက်ချက်ထုတ်ပေးသည့် ဝင်ငွေခွန်နှင့်တံဆိပ်ခေါင်းခွန် ငွေသွင်းချလန်တို့ဖြင့် သက်ဆိုင်ရာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးဆောင်ရပါမည်။
- ❖ မြန်မာ့စီးပွားရေးဘဏ်သို့ ငွေပေးသွင်းပြီးသည့် ဝင်ငွေခွန်ချလန်နှင့် တံဆိပ်ခေါင်းခွန်ချလန်ဖြတ်ပိုင်း မူရင်း/မိတ္တူ အား မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ပြသ၍ စာချုပ်ချုပ်ဆိုရန် တံဆိပ်ခေါင်းများ ထုတ်ယူရပါမည်။ (မေတ္တာဖြင့် ပေးကမ်းခြင်းဖြစ်ပါက ဝင်ငွေခွန် ပေးဆောင်ရန်မလိုပါ။)

မိမိဝယ်ယူ/ရယူသည့် အိမ်ခြံမြေတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် သတ်မှတ်စံနှုန်းများအား ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားပါသည်။ ရပ်ကွက်အလိုက်၊ လမ်းအလိုက်စံနှုန်းများ၊ အဆောက်အအုံပါရှိခြင်းအတွက် အဆောက်အအုံအမျိုးအစားအလိုက် သတ်မှတ်သည့်စံနှုန်းများ (တစ်ပေလျှင်မည်မျှ ကုန်ကျမည့်တွက်ချက်သည့် PAE နှုန်း)တို့ကို ဖတ်ရှုပြီး တွက်ချက်နိုင်ပါသည်။

- ❖ အိမ်ခြံမြေကို ဝယ်ယူ/ရယူသူများအနေဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၃အရ ဝင်ငွေခွန်တောင်းခံလွှာပုံစံ ပတခ(ဝင)-၈ နှင့်အတူ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးဆောင်ပြီးသည့် ကျသင့်ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်ချလန်ဖြတ်ပိုင်းမူရင်းများ၊ တံဆိပ်ခေါင်းခွန်အပြည့်အဝကပ်နှိပ်ထမ်းဆောင်ထားသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်များဖြစ်ပါက စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ်ပြင်ပရှိ မြို့နယ်များ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ကျန်တိုင်းဒေသကြီး / ပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်ပါ က မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးရုံးများသို့ သွားရောက် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။

## ပြည်တွင်းအခွန်များဦးစီးဌာန

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃၊အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)၊အမှတ်၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၃၇၈၃၇၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅လမ်း၊ ၂၂x၂၃ လမ်းကြား၊ ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.irdmyanmar.gov.mm သို့ ဝင်ရောက်ကြည့်ရှု လေ့လာပြီး လိုအပ်သည့် ဥပဒေ၊နည်းဥပဒေ များကို download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အိမ်ခြံမြေဝယ်ယူ/ရယူ/လွှဲပြောင်းပြီး အမည်ပေါက်ပိုင်ဆိုင်နိုင်ရန် ဆောင်ရွက်ရမည့် အချက်များ





Internal Revenue Department

Office Building No.(46), Nay Pyi Taw

https://www.irdmyanmar.gov.mm